
PICA media PUBLISHING HOUSE



"မင်းက လည်ကို မလည်ဘူး
အလွန်းပါတယ်" ဆိုတဲ့ သဘောမျိုးနဲ့
သုံးခြင်းကိုတော့
ကောင်းတဲ့ဘက်က ရှုမြင်တဲ့
စကားဖြစ်ပြီး
"ဒီကောင်က လူလည်၊
သူတစ်ပါးကို ကျော်ခွတတ်တဲ့
အကျင့်ရှိတယ်၊ ဖျံကျတတ်တယ်၊
သိပ်ပြီးယုံရတဲ့လူမျိုး မဟုတ်ဘူး"
စတဲ့စကားတွေနဲ့
မကောင်းတဲ့ဘက်ကနေ
ပြောဆိုသုံးနှုန်းခြင်းမျိုးလည်း
ရှိတတ်ပါတယ်။

ဒီတော့ . . .

# လူငယ်နဲ့ လူလည်

## မောင်မင်းစိုး

လူငယ်လမ်းညွှန်ဆောင်းပါးများ

# မိတ်ဆက်စာအနည်းငယ်

မိမိအနေဖြင့် လူငယ်များကို ဦးစားပေးပြီး ရေးသားခဲ့သောဆောင်းပါးများကို လစဉ်ထုတ်မဂ္ဂဇင်း၊ အပတ် စဉ်ထုတ်ဂျာနယ်တို့တွင် ရေးသားဖြစ်ခဲ့သည်။

လူငယ်တွေကို ဦးစားပေးပြီး ရေးသားနေသော ကြောင့်လားတော့ မပြောတတ်ပေ။ စာမူတောင်းလျှင် လူငယ်ဆောင်းပါးရေးပေးဖို့ဆိုသည့် ဘိုင်နိမ်းဖြင့် တောင်း လာကြသည်။ သို့အတွက် လူငယ်ဆောင်းပါးများကို စဉ်ဆက်မပြတ်ဆိုသလို ရေးသားဖြစ်နေခဲ့သည်။

မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရေးသားလျက်ရှိသော လူငယ်ဆောင်းပါးများကိုလည်း အခွင့်သင့်သလို၊ ကိုယ် တိုင်သော်လည်းကောင်း၊ အခြားထုတ်ဝေသူများမှသော် လည်းကောင်း တစ်စုတစ်စည်းတည်း ဖြစ်စေရန် စာအုပ် အဖြစ်ပုံနှိပ်ကာ ထုတ်ဖြစ်ခဲ့သည်များလည်း အတော်ပင် များခဲ့သည်။

ပီကာမီဒီယာဂရု(ပ်)မှလည်း ယခင်က မိမိ၏ ဆောင်းပါးများကို ''လူငယ်နဲ့အပြောင်းအလဲ'' ဆိုသည့် အမည်ဖြင့်ထုတ်ဝေခဲ့ဖူးသည်။ ယခုတွင်လည်း The Myanmar Review ဂျာနယ်တွင် အပတ်စဉ် ရေးသားခဲ့သော ဆောင်းပါးများအား ထုတ်ဝေလိုက်ပြန်ပါသည်။

ယခုခေတ်သည် စာအုပ်တစ်အုပ်ကို ထုတ်ဝေဖို့ အတော်လေးပင် ဝန်လေးနေကြသောခေတ် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စာဖတ်သူများ၊ အထူးသဖြင့် စာအုပ်ဖတ်သူများ အလွန်ပင်ရှားပါးလာသောကြောင့်ပင် ဖြစ်သည်။ အလွယ်တကူ ဖတ်ခွင့်၊ ကြည့်ခွင့်၊ သိခွင့် ရနေ သည့် သတင်းခေတ်ဖြစ်သည့်အလျောက် မိုဘိုင်းဖုန်း တစ်လုံး ရှိရုံမျှဖြင့် သတင်းစီးကြောင်းနောက်ကို အလိုက် သင့် မျောပါးသွားလို့ ရနေခဲ့သည်။

စာပေလွတ်လပ်ခွင့် ထိုက်သင့်သည့်အလျောက် ရရှိခဲ့ပြီးနောက်

မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ သတင်းစာများ အပြိုင်အဆိုင် ထွက်ရှိခဲ့သည်။ သို့သော် ဘာမျှ မကြာလိုက် ပေ။ အသီးသီးပင် ငုပ်လျှိုးပျောက်ကွယ်သွားခဲ့ကြသည်။ အထူးသဖြင့် မဂ္ဂဇင်းအတော်များများတွင် စာပေကို ဦးစား ပေးထုတ်ဝေနေခဲ့သည့်မဂ္ဂဇင်းသည် မရှိသလောက်နီးပါး ပျောက်ကွယ်သွားခဲ့သည်။ ဂျာနယ်၊ သတင်းစာတို့မှာ လည်း ထိုနည်းတူစွာပင် တစ်စောင်ပြီးတစ်စောင် ပျောက်ကွယ်ခဲ့ကြပြန်သည်။

လုံးချင်းများတွင်တော့ ကဗျာစာအုပ်များ အား ကောင်းမောင်းသန်ထွက်နေကြသည်ကို သတိပြုမိသည်။ သို့သော် စီးပွားဖြစ်ထုတ်ဝေကြသည်မျိုးတော့ မဟုတ်။ ဝါသနာအလျောက် အရှုံးခံကာ ကဗျာချစ်စိတ်ဖြင့် ထုတ် ဝေနေကြခြင်း ဖြစ်သည်။ အခြားအခြားသော ဝတ္ထုတို/ရှည်၊ အက်ဆေး ရသစာတမ်း၊ ဆောင်းပါး၊ နိုင်ငံရေး စသော စာအုပ်များထွက်ရှိလာသည်ကိုကား အတော်ပင် တွေ့မြင် ရခဲသည်။

ယခုလို သတင်းခေတ်ဖြစ်သည့်အားလျော်စွာ လူငယ်ဆောင်းပါးများကိုထုတ်ဝေဖို့ဆိုတာလည်း ဝါသနာ ပါသည့်အတွက်ကြောင့် ထုတ်ဝေခဲ့ခြင်းမျိုး ဖြစ်သည်။ သို့ သော် 'မရှုံး'ဟု သိရတော့ 'မဆိုးသေးဘူး'ဟု ဆိုရပေမည်။ အခက်အခဲမျိုးစုံဖြင့် စာပေရပ်တည်ခွင့်များ တဖြည်းဖြည်း အိကျလာခဲ့သည့် ခေတ်ကြီးမှာ ယခုလို ပီကာမီဒီယာမှ စာအုပ်ထုတ်ဝေသည့်အတွက် ပီကာမီဒီယာကို ကျေးဇူး တင်ရှိမိပါသည်။

စာအုပ်အပြင်အဆင် သေသပ်လှပအောင် လုပ် ထားပေးသည့် ကဗျာဆရာ၊ဒီဇိုင်နာ ကိုလူဇော်သစ်ကိုလည်း ကျေးဇူးတင်ရမည် ဖြစ်သည်။ ထို့ပြင် မိမိ၏ ဆောင်းပါး များကို အပတ်စဉ် စဉ်ဆက်မပြတ် ဖော်ပြပေးခဲ့သော The Myanmar Review ဂျာနယ်မှ အယ်ဒီတာ၊ ကဗျာဆရာ ဆရာကောက်နွယ်ကနောင်နှင့် ဝိုင်းတော်သားများကိုလည်း ကျေးဇူးတင်မိပါသည်။ အထူးသဖြင့် မိမိ၏ ထွက်ရှိခဲ့ပြီး စာအုပ်များကို အားပေးခဲ့ကြသည့်

စာဖတ်ပရိသတ်ကြီး ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ချစ်ခင်လေးစားစွာဖြင့်**

**မောင်မင်းစိုး**

*

# လူငယ်နဲ့ ဆုံးဖြတ်ချက်

လူသားတစ်ယောက်ရဲ့အောင်မြင်မှုမှာ ဆုံးဖြတ် ချက်ခိုင်မာဖို့ဟာ အရေးပါတဲ့အချက်တစ်ခု ဖြစ်ပါတယ်။ သို့သော်လည်း မှန်ကန်တိကျတဲ့ဆုံးဖြတ်ချက်ဖြစ်ဖို့တော့ လိုတယ်။ ဆုံးဖြတ်ချက်အဖြစ်ချမှတ်ထားတဲ့ မူဝါဒ လမ်းစဉ်အတိုင်းသာ လမ်းမလွဲဘဲ လိုက်သွားနိုင်ခဲ့မယ် ဆိုရင်တော့ အောင်မြင်မှုဟာ လမ်းတစ်ကမ်းအလိုကနေ စောင့်နေမှာဖြစ်ပါတယ်။ လူငယ်တွေဟာ လမ်းတွေကို ကိုယ်တိုင်ဖောက်နိုင်ရမယ်။ ကိုယ်တိုင်လျှောက်နိုင်ရ မယ်။ ဒီလို ကိုယ်တိုင်ဖောက်ပြီးလျှောက်တဲ့အခါမှာတော့ ပန်းခင်းတဲ့လမ်းချည်းပဲ လျှောက်ရမှာတော့ မဟုတ်ပါဘူး။ လောကဓံရဲ့အထုအနှက်ကို လူးလဲပြီးတော့ ခံရပါလိမ့် မယ်။ ဒီလိုလောကဓံရဲ့အထုအနှက်ကို ခံနိုင်သမျှ သည်းခံ ပြီးတော့ ကိုယ်လျှောက်ရမယ့်လမ်းကို ဆက်ပြီးလျှောက် နိုင်မယ်ဆိုရင်တော့ သွားရမယ့်ခရီးရဲ့အဆုံးကို မုချရောက် နိုင်မှာ ဖြစ်ပါတယ်။ လျှောက်တာချင်းတူပေမယ့် ဘယ် လောက်အတိုင်းအတာထိ လောကဓံရဲ့သွန်သင်မှုကို ခံနိုင် မလဲ၊ ခံနိုင်တဲ့လူက ပိုပြီးတော့ အောင်မြင်မှုဆီကို ပိုမို ရောက်နိုင်မှာ ဖြစ်ပါတယ်။

ခေတ်ကာလအခြေအနေအရ ပွင့်လင်းမြင်သာ တဲ့အနေအထားဆိုတဲ့လမ်းကြောင်းပေါ်ကိုတော့ ရောက် လာပါပြီ။ ဒီလိုအနေအထားမျိုးမှာ ကိုယ်စွမ်းကိုယ်စနဲ့ ဘယ်လောက်အတိုင်းအတာထိလျှောက်နိုင်မလဲဆိုတာ ကတော့ အရေးကြီးပါလိမ့်မယ်။ ခလုတ်ပေါင်းများစွာ တိုက်မိပါလိမ့်မယ်။ ခလုတ်တိုက်မိပြီးတော့ လဲချင်လည်း လဲကျပါလိမ့်မယ်။ ဒါပေမယ့် ဘယ်နှခါ ပြန်ထပြီးတော့ လျှောက်နိုင်မလဲဆိုတာ အဖြေပါပဲ။ ခုနက ပြောသလို အောင်မြင်မှုဆီကိုသွားတဲ့အချိန်မှာ ပန်းခင်းတဲ့လမ်းကိုပဲ တွေ့ရမှာမျိုးကိုတော့

မမျှော်လင့်ဖို့ အရေးကြီးပါတယ်။

သစ်သားချင်းတူပေမယ့် အကျိုးတရား၊ တန် ဖိုးချင်းတော့ မတူနိုင်ပါဘူး။ အဲဒီ လိုပဲ လျှောက်တဲ့ လမ်း ခရီးချင်းတူနေပေမယ့် အောင်မြင်မှုကတော့ တူညီတဲ့ အကျိုးရလဒ်အဖြစ်တော့ ရနိုင်ကြမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆုံးဖြတ်ချက်၊ အမျှော်အမြင်၊ စူးစမ်းမှု၊ တီထွင်မှု၊ တွေးခေါ်မှု၊ ကြိုးစားအားထုတ်မှု၊ ခံနိုင်ရည်ရှိမှု စတဲ့လုပ်ဆောင်ချက်တွေက အဆုံးအဖြတ် ပေးပါလိမ့်မယ်။

ခုနကပြောတဲ့ သစ်သားချင်းတူပေမယ့် တန်ဖိုး ချင်း မတူညီနိုင်တာလေးကို ဥပမာအနေနဲ့ ပြောပြချင် ပါတယ်။ ဟိုတုန်းက သစ်ပင်တွေက စကားပြောကြ တယ်တဲ့။ တစ်နေ့တော့ ပန်းပုဆရာတစ်ယောက်က ပန်းပုထုဖို့ဆိုပြီး သစ်ပင်တွေကို ခုတ်ခဲ့တယ်။ ဒီတော့ ခုတ်ထားတဲ့သစ်တုံးတွေကို ပန်းပုထုတာပေါ့။ အဲဒီ လိုနဲ့ တစ်နေ့တော့ သစ်သားတစ်တုံးဟာ အထုခံရ၊ အခုတ်ခံရ၊ အထွင်းခံရ၊ အရိုက်ခံရ၊ အနှက်ခံရတော့ ''နာတယ်'' ဆိုပြီး အော်တယ်။

အဲဒါကြောင့် ပန်းပုဆရာဟာ အသေးစိပ် မွမ်းမံ မနေတော့ဘဲ အဲဒီ သစ်တုံးကို တုံးမောင်အဖြစ်လောက်ပဲ ထုခဲ့လိုက်တယ်။ ဒီတော့ ဒီသစ်တုံးလေးဟာ တုံးမောင်း ဘဝနဲ့တင် ပြီးသွားခဲ့တာပေါ့။ ဒါပေမယ့် နောက် သစ်တုံး ကတော့ နာပေမယ့် သူက မအော်ဘဲ ကြိတ်မှိတ် သည်းခံပြီးတော့ နေခဲ့လိုက်တယ်။ ပန်းပုဆရာက အဲဒီ သစ်တုံးကိုတော့ လူသားတွေ အပူဇော်ခံမယ့် ဘုရား ရုပ်တုအဖြစ် ထုခဲ့လိုက်တယ်။

လူသားတွေကတုံး မောင်းကိုထုခေါက်ပြီးတော့ ဘုရားရုပ်တုကို ပူဇော်တဲ့အခါကျတော့မှာ တုံးမောင်း ဖြစ်တဲ့ သစ်သားက အသည်းအသန်ကို ငိုလိုက်တယ်။ ဘာဖြစ်ဖို့လဲဆိုတော့ သစ်သားတုံးချင်း တူတာတောင် သူ့ကျ အခေါက်ခံရပြီး၊ နောက် သစ်သားတုံးကျတော့ အပူဇော်ခံရတယ်ဆိုပြီး မကျေမနပ် ဖြစ်သွားတာပေါ့။ ဒါကြောင့် သူကပန်းပုဆရာကို မတရားဘူးဆိုပြီး စွပ်စွဲ

လိုက်တယ်။ ဒီတော့ ဘုရားအဖြစ်အထုခံရတဲ့ ဆင်းတု တော်က ပြောလိုက်တယ်။

"မင်းက သည်းမှ မခံတာကိုး"

ဟုတ်ပါတယ်။ လူသားတွေလည်း ကိုယ်ပိုင် လမ်းကြောင်းပေါ်ကိုတော့ သွားနေခဲ့ကြတာချင်း တူပါ တယ်။ ဒါပေမယ့် တချို့က အောင်မြင်တယ်။ တချို့ကတော့ ဘာမှဖြစ်မလာဘူး။ တချို့ကျတော့ ဖြစ်တော့ဖြစ် ထွန်းတယ်။ ဒါပေမယ့် အကျိုးဖြစ်ထွန်းမှု အားနည်း ကြရတယ်။ ဒါတွေက ဘာကြောင့်ဖြစ်ရတာလဲလို့ ဆန်းစစ်ကြည့်တော့ ခုနကပြောတဲ့ လောကဓံရဲ့ ရိုက် ပုတ်မှုဒဏ်ကို အလူးအလဲခံရတဲ့အခါမှာ သည်းခံနိုင်မှု၊ သည်းမခံနိုင်မှုအပေါ်မှာ မူတည်ပြီးတော့ အကျိုးရလဒ် တွေလည်း ကွာခြားသွားတာမျိုး ဖြစ်ပါတယ်။

လူငယ်တွေဟာ အနာဂတ်ကို ထမ်းပိုးထားရ သူတွေ ဖြစ်ပါတယ်။ တစ်နေ့ မလိုချင်လည်း တာဝန် တွေကတော့ အသီးသီးဆိုသလို ရောက်လာမှာ ဖြစ်ပါ တယ်။ ဒီလိုရောက်လာတဲ့အခါမှာ ကျရာတာဝန်တွေကို တော့ မထမ်းချင်၊ ထမ်းချင် ထမ်းဆောင်ကြရမှာ ဖြစ် ပါတယ်။ ဒီလိုမျိုး ထမ်းဆောင်ကြရတဲ့အခါမှာ ကိုယ့် တာဝန်ကို ကျေဖို့အတွက်၊ ကိုယ့်အောင်မြင်မှုရဲ့ အသီး အပွင့်တွေကို ခံစားနိုင်ဖို့အတွက်တော့ အခုကတည်းက စိတ်ဓာတ်တွေကို မွေးမြူးထားရမှာဖြစ်ပါတယ်။ အဲဒီ အချိန်မှာလည်း ဆုံးဖြတ်ချက် ခိုင်မာစွာချနိုင်ပြီး အသိ ပညာကိုမောင်းနှင်ပြီးတော့ ကိုယ့်ခရီးဟာ အောင်မြင်တဲ့ ခရီးဖြစ်အောင် စွမ်းဆောင်နိုင်သူတွေဖြစ်ဖို့လိုအပ်ပါတယ်။

ဒီလိုဆိုရင်တော့ အသိပညာနဲ့ မောင်းနှင်သူ ဖြစ်ဖို့အတွက် အသိပညာကို အခုကတည်းက သူများ ထက် အောက်မကျအောင် အစွမ်းကုန် ဆည်းပူထားနိုင်ဖို့တော့ လိုအပ်ပါလိမ့်မယ်။ အနာဂတ်ဟာ ပညာက သာလျှင် အရာကို ဦးဆောင်ဦးရွက်ပြုပြီး မောင်းနှင် သွားပါလိမ့်မယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ ဒီ အချိန်မှာ ခိုင်မာတဲ့ ဆုံးဖြတ်ချက်အနေနဲ့ ချဖို့၊ ချထားတဲ့ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့အနေနဲ့ ပညာ လမ်းကြောင်းပေါ်ကို နင်းဖြတ်သွားဖို့

တိုက်တွန်းချင် ပါတယ်။

နယ်ပယ်အသီးသီးမှာ အောင်မြင်နေတဲ့လူတွေ ကိုကြည့်ရင် သူတို့ဟာ အဲဒီ လိုနေရာတွေကို အလွယ် တကူ ရောက်ခဲ့ကြတာ မဟုတ်ပါဘူး။ ဥပမာ ဗုဒ္ဓဟာ ထင်ရှားတဲ့ဘာသာရေးခေါင်းဆောင်အဖြစ်ကို လွယ် လွယ်နဲ့ ရောက်ခဲ့တာမျိုး မဟုတ်ပါဘူး။ ဘုရားဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့ဆုံးဖြတ်ချက်ကို ခိုင်မာစွာချပြီးမှ လေး အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ကျင့်ပြီးမှ ဖြစ်ခဲ့ရတာ ပါ။

နောက် သောမတ်အယ်ဒီဆင်ကို ကြည့်ပါ။ သူဟာလည်း ဆုံးဖြတ်ကို အခိုင်အမာချပြီးတော့ မဖြစ် ဖြစ်အောင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ မလျှော့တဲ့ဇွဲနဲ့ လုပ်ဆောင်ခဲ့တဲ့အတွက် အောင်မြင်ကျော်ကြားသူတစ်ဦး ဖြစ်ခဲ့တာပါ။ လွယ်လွယ်လေးနဲ့ ရောက်သွားခဲ့တာမျိုး မဟုတ်ပါဘူး။

လူငယ်အတော်များများနဲ့ စကားပြောကြည့် တယ်။ တချို့ကတော့ အခုထိဘာမှန်းမသိသေးဘဲ၊ မရေ မရာဝေဝါးနေဆဲဖြစ်နေတဲ့လူငယ်တွေ များစွာရှိနေပါ သေးတယ်။ သူတို့ကိုတော့ ဒီစကားလေးကို အမြဲပြော ဖြစ်မိတယ်။ အဲဒါကတော့ -

'ဘာဖြစ်ချင်တာလဲ'

'ဘယ်လောက်ကြာမှာလဲ'

ရောက်အောင်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက် ကို အခိုင်အမာချပြီးတော့ လျှောက်ရဲလားဆိုတဲ့ မေးခွန်း ပါပဲ။

ဒါကြောင့် လူငယ်လေးတွေအနေနဲ့ ကိုယ်သွား ချင်တဲ့လမ်းကြောင်းကို ရဲရဲဝံ့ဝံ့သွားဖို့အတွက် ပထမဆုံး အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုခုကို အခိုင်အမာ ချ လိုက်ပါ။ ပြီးရင်တော့ အဲဒီ ဆုံးဖြတ်ချက်အတိုင်း လဲရင် ပြန်ထပြီးတော့ ဆက်လျှောက်ပါလို့ တိုက်တွန်းလိုပါ တယ်။ ။

**။ မောင်မင်းစိုး**

*

# လူငယ်နဲ့ ဆင်ခြင်တုံတရား

ဘဝရဲ့ရှင်သန်မှုမှာ ဆင်ခြင်တုံတရားဟာ အရေးပါတဲ့လက္ခဏာတစ်ရပ် ဖြစ်ပါတယ်။ ဆင်ခြင်တုံ တရားမရှိဘဲ ရှက်လွှင့်နေခဲ့မယ်ဆိုရင်တော့ ကြောက် စရာကောင်းတဲ့အိပ်မက်ဆိုးကြီးတွေနဲ့ ကြုံတွေ့လာနိုင် ပါတယ်။ စူးစမ်းမှု၊ ဆင်ခြင်မှုနဲ့ ဖြတ်သန်းနိုင်မှသာလျှင် စစ်မှန်တဲ့ရှင်သန်မှုအတွက် ပိုမိုပီပြင်တောက်ပလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် လူငယ်တွေကို မီး မောင်းထိုးပြချင်တာကတော့ ဆင်ခြင်တုံတရားပါပဲ။

ပွင့်လင်းမြင်သာလာမှုနဲ့အတူ လွတ်လပ်ခွင့်တွေ ကို အလွဲသုံးစားလုပ်လာခြင်းဟာ လူသားတစ်ယောက်ရဲ့ ကောက်ကျစ်တဲ့လုပ်ရပ်တစ်ခုလို့ ရှုမြင်သုံးသပ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအလွဲသုံးစားမှုတွေနဲ့ ပြင်းထန် တဲ့ အနေအထား၊ မကောင်းမှုတွင်းနက်ထဲကို ဆွဲခေါ်ခံ ရပြီး စိတ်ပျက်စရာကောင်းတဲ့ စံနှုန်းအသေတွေကို တွေ့ ကြုံလာရမှာ ဖြစ်ပါတယ်။ စိတ်ပျက်ဖွယ်ရာကောင်းတဲ့ လုပ်ဆောင်မှုတွေနဲ့ တန်ဖိုးမရှိတဲ့ရလဒ်တွေကို ပိုင်ဆိုင် ကြရပြီး မဖြစ်သင့်တာတွေဟာ ဒလဟောစီးဆင်းလာမှာ ဖြစ်ပါတယ်။ ဒါတွေကို ဘာနဲ့ကာမှာလဲ။ ဘာနဲ့ တားဆီး မှာလဲဆိုတော့ ဆင်ခြင်တုံတရားနဲ့ပဲ ကာရမယ်၊ တားရ မယ်လို့ သာမန်ပြောရပါလိမ့်မယ်။

အထူးသဖြင့် လူငယ်တွေကို အဓိကထားပြီး ပြောပြနေတာဖြစ်တော့ လူငယ်တွေကိုပဲ မီးမောင်းထိုး ပြခြင်းပါ။ မိမိတို့အနေနဲ့ လွန်ခဲ့တဲ့နှစ်များစွာက အင် တာနက်ဆိုတာကြီးကိုမပြောနဲ့ ဖုန်းလေးတစ်လုံးလောက် ကိုတောင် ဒီတစ်သက် ကိုင်နိုင်မှာမဟုတ်ဘူးလို့ တွေး ထင်မိခဲ့တယ်။ အခုတော့ လူတော်တော်များများရဲ့ လက် ထဲမှာ ဟန်းဖုန်းလေးတွေ အလွယ်တကူ အသုံးပြု နေနိုင်ပါပြီ။ ဒါနဲ့တစ်ဆက်တည်း အင်တာနက်ဆိုတာ ကို ချိတ်ဆက်ပြီးတော့ ကမ္ဘာကြီးကို ခြေဆန့်နေနိုင်ခဲ့ကြ ပါပြီ။

ခေတ်မီတဲ့ပစ္စည်းတွေဟာလည်း တစ်ခုပြီး တစ်ခု တိုးဝင်လာနေခဲ့ပါတယ်။ ဒါတွေကိုလည်း အမီ လိုက်နိုင်ဖို့အတွက် လူတွေ နေ့မအား ညမအား အလုပ် တွေ လုပ်ကြရပါတယ်။ အဲဒီ လို ရုပ်ဝတ္ထုတွေ တိုးတက် လာတာနဲ့အမျှ စိတ်ပျက်စရာကောင်းလောက်အောင် ကိုယ်ကျင့်တရားတွေ တအိအိပြိုကျလာနေတာတွေ မြင် နေရ၊ တွေ့နေရ၊ ကြားနေရ၊ သိနေရတော့ တော်တော် လေး စိတ်မချမ်းမြေ့စရာ ဖြစ်ခဲ့ရပါတယ်။

ဟိုတလောလေးက ဖတ်လိုက်ရတဲ့ သတင်း တွေထဲမှာဆို အင်တာနက်ဆိုတာထဲကနေ ချစ်ကြိုက် ကြတယ်။ သူ့လည်းကိုယ်မမြင်ဖူး၊ ကိုယ့်လည်း သူမမြင် ဖူးဘဲနဲ့ အွန်လိုင်းချစ်သူတွေဟာ ချိန်းဆိုပြီးတော့ အပြင် မှာတွေ့လိုက်ကြတယ်။ ဒီတော့ မဖြစ်သင့်တာတွေ ဖြစ် လာခဲ့တယ်။ ၁၃နှစ်သမီးလေး အဓမ္မပြုခံလိုက်ရတဲ့ ကိစ္စ။

ပါလာသမျှ ရွှေငွေတွေကို လိုချင်တပ်မက်မှုကြောင့် မိန်းကလေးကို ရက်ရက်စက်စက် ထုသတ်ပြီးတော့ ပစ္စည်းတွေလုယူသွားတဲ့ကိစ္စတွေ ဖတ်လိုက်ရပါတယ်။

ဒါဘာကြောင့်လည်း ဆင်ခြင်တုံတရားနည်းပါး မှုကြောင့်ပါပဲ။ ကိုယ်နဲ့ဘာမှမသိမြင်ရသေးတဲ့ လူတစ် ယောက်ကို ချိန်းပြီးတွေ့ခဲ့တာကို အပြစ်မပြောလိုပါဘူး။

ဒါပေမယ့် မလိုအပ်ဘဲ ဘာဖြစ်လို့ ဒီလောက်များပြားတဲ့ ပစ္စည်းတွေကို ယူဆောင်သွားခဲ့ရတာ လဲဆိုတဲ့ ဆင်ခြင် တုံတရားလေးကို မတွေးမိဘူးလား။ နောက် ဒီလောက် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့၊ အဓမ္မပြုကျင့်တာမျိုး ကျူးလွန်ပြီးတော့ စိတ်ဓာတ်တွေ ဘာဖြစ်လို့ အောက် တန်းကျနေခဲ့ရတာ လဲ။ ဒါဟာလည်း ဆင်ခြင်တုံတရား နည်းပါးမှုကြောင့်ပါပဲ။ ဒါကြောင့် ရုပ်ဝတ္ထုတွေ တိုးတက် လာတာတော့ ကောင်းပါတယ်။ ဒါပေမယ့် အသုံးမချ တတ်ရင်တော့ နာကျင်စရာမျိုးစုံကတော့ ဆက်တိုက် တွေ့နေရပါလိမ့်မယ်။ ဒါကြောင့်

ဆင်ခြင်တုံတရားတွေ မွေးပါ၊ တွေးပါ။ ဒါမှသာလျှင် ကောင်းမွန်မှုဆီကို ဦး တည်သွားနိုင်ပါလိမ့်မယ်။ လွယ်လွယ် မယုံပါနဲ့။ လွယ် လွယ်ယုံလိုက်ခြင်းဟာလည်း ဆင်ခြင်တုံတရား နည်းပါး ခြင်းပါပဲ။ ဟုတ်သည်၊ မှန်သည်၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင် သည်စတာတွေကို တွေးတွေးဆဆနဲ့ ဆင်ခြင်တုံ တရား ကို လက်ကိုင်ထားပြီးတော့ လျှောက်ကြဖို့တော့ လိုအပ် ပါလိမ့်မယ်။ အဲဒီ လိုမဟုတ်ရင်တော့ မကောင်းတဲ့ဆိုး ကျိုးတွေ ဆက်တိုက်ဖြစ်နေ၊ ခံစားနေရပါဦးမယ်။

နောက်တစ်ခု လွတ်လပ်တယ်ဆိုပြီး ကိုယ့်ကိုယ် ကိုယ်တန်ဖိုးမထားတဲ့ ဖြစ်ရပ်တွေကိုလည်း အလေး ထားရပါလိမ့်မယ်။ ဒါကတော့ မပေါ့တပေါ်တွေ ဝတ် ဆင်ပြီးတော့ ဓာတ်ပုံတွေရိုက်၊ မှတ်တမ်းတင်၊ လူမှုကွန် ယက်ပေါ် ပစ်တင်လိုက်တာမျိုးတွေဟာလည်း ဆင်ခြင် တုံတရားကင်းမဲ့မှုပါပဲ။ တကယ်တော့ ဒါတွေဟာ ကြီး မားတဲ့အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပါပဲ။

နောက်ဓာတ်ပုံတင် မကဘူး၊ ပုံနှိပ်စာအုပ်အဖြစ် ရိုက်နှိပ်ပြီးတော့ ဒီလိုစာမျိုးတွေ တရားဝင်ပုံစံမျိုး ထုတ် ဝေလာတာတွေလည်း ရှိနေပြန်ပါတယ်။ ဒါဟာလည်း လွတ်လပ်မှုကို အလွဲသုံးစားလုပ်ခြင်းပါပဲ။ ခက်တာက ဒါမျိုးစာပေတွေက ခဏချင်းဆိုသလို ရောင်းကောင်း လာတာပါပဲ။ ဒါဟာလည်း ရှုးသွပ်မှုနဲ့အတူ ကိုယ့်ကိုယ် ကျင့်တရားကို နှိမ့်ချလိုက်ခြင်းပါပဲ။ နောက်ပြီးတော့ ဒါတွေရဲ့နောက်ကွယ်မှာ ဘာတွေဖြစ်လာမယ်ဆိုတာ မစဉ်းစားဘဲ အရူးတစ်ယောက်ရဲ့စိတ်ဓာတ်နဲ့ လုပ်ချင် ရာလုပ်မယ်ဆိုတဲ့ စိတ်ထားဟာလည်း ဆင်ခြင်တုံတရား ကင်းမဲ့မှုပါပဲ။

လူငယ်တွေဟာ အနာဂတ်ကို လက်ပြောင်းယူ ရမယ့်သူတွေပါ။ ကိုယ့်လက်ထဲရောက်လာတဲ့ အနာဂတ် ရဲ့ ပုံရိပ်တွေကို လှပချင်ရင်တော့ အခုကတည်းက ဆင် ခြင်တုံတရားနဲ့ ရှက်လွှင့်ထွက်ခွာဖို့ လိုအပ်ပါလိမ့်မယ်။ အဲဒီ လို မဟုတ်ရင်တော့ ဘာမှဖြစ်မလာဘဲ အနာဂတ် ပုံရိပ်တွေလည်း ဝေဝါးမှုန်ဝါးနေပါလိမ့်မယ်။

သို့သော် တချို့လူငယ်များကတော့ အတော် လေးကို လေးစားစရာ၊ ဂုဏ်ယူစရာလုပ်ရပ်တွေနဲ့ ပရ ဟိတနယ်ပယ်မှာ လူသားအကျိုးပြုလုပ်ရပ်တွေကို လုပ် ဆောင်နေကြတာ တွေ့ရပါတယ်။ အဲဒီ လို လူငယ်များစွာ ပေါ်ထွက်ဖို့ အလွန်ပဲ လိုအပ်ပါတယ်။ ဒါတွေကလည်း ဆင်ခြင်တုံတရားနဲ့ လျှောက်လှမ်းနေခြင်းပဲ ဖြစ်ပါတယ်။

ဆင်ခြင်တုံတရားကင်းမဲ့နေရင်တော့ ပထမဆုံး ဆိုးကျိုး က ကိုယ်တိုင်ဖြစ်ပြီးတော့၊ နောက်ပြီး တဖြည်းဖြည်းနဲ့ လူလောကကြီးတစ်ခုလုံးကို စိတ်ပျက်စရာတွေ၊ နာကျင် စရာတွေနဲ့ မရှုမလှခံစားရနိုင်တဲ့ အခြေအနေထိ တွန်းပို့သွားပါလိမ့်မယ်။

တစ်ခါက ဆင်ခြင်တုံတရားကင်းမဲ့စွာနဲ့ ယုန် တစ်ကောင်ဟာ 'အခုချိန်မှာ မြေပြိုရင်တော့ ဒုက္ခပါပဲ' ဆိုတဲ့အတွေးနဲ့ နားခိုနေခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို အဲဒီ ချိန်မှာပဲ မိမိနားခိုနေတဲ့ ထန်းရွက်ပေါ်ကို ဥသျှစ်သီးပြုတ်ကျ၊ ကြွေကျတာကို 'မြေပြိုပြီ' ဆိုတဲ့ အထင်နဲ့ ကြောက်ကြောက်လန့်လန့်နဲ့ အော်ဟစ်ပြီးတော့ ပြေးသွားပါတယ်။ ဒါကို ဘာမှ မစူးစမ်း မဆင်ခြင်ဘဲနဲ့ အခြားသောတိရစ္ဆာန်တွေကလည်း 'မြေပြိုပြီ'တဲ့ ဆိုတဲ့ အဓိပ္ပာယ်မဲ့တဲ့စကားလုံးကို တစ်ဆင့်စကားကမ်းပြီး အော်ဟစ်ကာ ပြေးလွှားခဲ့ကြပါတယ်။ ဒီတော့ မဖြစ်သင့် တာတွေဖြစ်ပြီး ဒုက္ခရောက်ခဲ့ရတာ ပေါ့။

နောက်မှ ဆင်ခြင်တုံတရားရှိတဲ့ ဘုရားလောင်း ခြင်္သေ့က 'မြေပြိုတာ မဖြစ်နိုင်ဘူး' ဆိုတာကို သိတော့ ဒီအကြောင်းအရာ အစုံအလင်ကို တစ်ဆင့်ချင်း ရအောင် ဖော်ထုတ်ပြီးတော့ ဘာမှမဟုတ်ဘူးဆိုတာကို ဖော်ထုတ် ပြ လိုက်ပါတယ်။ ဒါကြောင့် သွေးရူးသွေးတန်း ဂယက် ထနေတဲ့ တိရစ္ဆာန်တွေလည်း ချမ်းသာရာကို ပြန်လည် ပြီးတော့ တည်ဆောက်နိုင်ခဲ့ပါတယ်။

အခုလည်း လူငယ်တွေကို အဓိကထား ပြော လိုတာကတော့ ဆင်ခြင်တုံတရားနဲ့ အနာဂတ်ပုံရိပ်တွေ ကို လှပအောင် တည်ဆောက်နိုင်ပြီး

ဘဝကိုအဓိပ္ပာယ် ရှိစွာ တည်ဆောက်သွားနိုင်ပါစေလို့ ပြောလိုက်ချင်ပါ တယ်။ ။

**။ မောင်မင်းစိုး**

**Vol.1,No.4, 2014 // THE MYANMAR REVIEW JOURNAL.**

*